ရွှေပဒေသာစာပေ

# မယ်နိုင်

## မြကေသျှောင်

(အချစ်လုံးချင်းဝတ္ထုသစ်)



# အခန်း (၁)

အိပ်မရတဲ့ ညတွေတိုင်းမှာ

အတွေးတွေက

တောင်ရောက်လိုက်

မြောက်ရောက်လိုက်နဲ့

သူယောင်မယ်လား . . .

တစ္ဆေလား . . .

မာန်နတ်ဆိုးလား . . .

နတ်သမီးလား ဆိုတာ

မသိနိုင်လောက်အောင်

ငါ့အိပ်မက်တွေက

ဝေဝါးနေခဲ့တယ် . . .။

*

လီဗာကို ကိုင်ထားသော လက်တစ်ဖက်မှာ အေးစက်လွန်း၍ တုန်ခဲနေပါပြီ။ ဒူးကို ကွေး ပြီး ခြေများကို ကုတ်ကာ အားလုပ်လိုက်၏ ။

အချိန်အားဖြင့် မနက် သုံးနာရီကျော်မျှ ဖြစ်သည်။

မြွေလိမ်မြွေကောက် လမ်းကလေးများကို ဖြတ်ကျော်လာရသဖြင့် အသက်ရှူနှုန်းသည် ဟောဟဲဆိုက်ပြီး မြန်ဆန်နေသည်။ မနက်ပိုင်း ရောက်လာပြီမို့ မြူနှင်းတို့သည် ပတ်ဝန်းကျင်ကို မင်းမှူ၍ နေသည်။ ဝေဆိုင်းနေသော နှင်းမှုန်လေးများပေါ်၌ ရီးလေးတွဲ ခိုနေသည်။ အေးစက်သော နှင်းရည်ဒဏ်ကို မခံနိုင်တော့သည့် သစ်ရွက်များသည် လေမင်းကို အားပြုကာ ရွက်များမှ နှင်းရည်စက်များကို ခါထုတ်ကြကုန်၏ ။

ကိုင်းဖျားမှ ကျဆင်းလာသော နှင်းရည်စက်များသည် အကျႌစလွတ်နေသော ကုတ်ပါးသို့ ချောင်းမြောင်းကြည့်ရှုသောအခါတွင် ကြက်သီးမွေးညင်းပေါက်လေးများထောင်သည် အထိ အေး ခဲသွားသည်။

တွန်းနေသော ဆိုင်ကယ်ကို ရပ်ကာ ဒေါက်ထောက်လိုက်သည်။ အေးစက်နေသော လက်နှစ်ဖက်ကို လက်ဖဝါးချင်း ပွတ်သပ်လိုက်၏ ။ လက်ကို အငွေ့ရှိုက်လိုက်၊ ပွတ်သပ်လိုက် အ ကြိမ်ကြိမ် လုပ်လိုက်သောအခါတွင် လက်ဖျားလေးများ နွေးထွေးစ ပြုလာသည်။ ထိုအခါမှ ကျင် ခဲနေသော နားရွက်ဖျားလေးကို ဆုပ်ကိုင်လိုက်သည်။ နားရွက်သည် နွေးသော အရသာကို နှစ် ခြိုက်စွာ ခံစားလိုက်ရသော်လည်း လက်များသည် အေးသောအရသာကို ခါးသက်စွာ တောင့်ခံ လိုက်ရသည်။

“ချမ်းလိုက်တာ . . . ဆီဆိုင်တွေကလည်း ခုချိန်ထိ မဖွင့်ကြသေးဘူးလား . . . ဟူး . . . ဟူး . . . အေးတာ”

စောနေသော်ငြား ချွေးမထွက်နိုင်သည့် သည်ခန္ဓာသည် ဝင်သက် ထွက်သက် မမှန်နိုင် တော့ဘဲ အသက်ရှူနှုန်းသည် မြန်တာထက် မြန်လာသည်။ ပတ်ဝန်းကျင်မှာလည်း ပရစ်အော် သံအချို့နှင့် လေတိုးသံအချို့မှလွဲ၍ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။ မှားပြီ ထင်ပါရဲ့။ အ မေ့စကားနားမထောင်ဘဲ

ညတွင်းချင်း ပြင်ဦးလွင် တက်လာခဲ့ခြင်း ဖြစ်သည်။ ဆိုင်ကယ်ကလည်း တစ်နေကုန် မန္တလေးမြို့ထဲ လမ်းတွေ ထပ်နေအောင် စီးထားခဲ့သည် အိမ်မှထွက်လာခဲ့နီး ဆိုင်ကယ်ကို မစစ်ဆေးခဲ့မိပါ။ အမြန်လို အနှေးရဆိုသော ရှေးလူကြီးများ၏ ဆိုရိုးစကားက အလ ကားမဟုတ်မှန်း ယခုဖြစ်ရပ်က သက်သေခံနေခဲ့ပါပြီ။

နှစ်ဆယ့်တစ်မိုင်သို့ ရောက်ချိန်တွင် ဆိုင်ကယ်က တွန့်ဆုတ် တွန့်ဆုတ်နှင့် ဖြစ်လာ သည်။ ဆိုင်ကယ် ဆီကုန် သွားတာပဲဆိုတာ ရိပ်မိသည်နှင့် တစ်ပြိုင်နက် ဆီခြုပ်ဆွဲပြီး လီဗာ ကို အဆုံးတင်ခဲ့သည်။ သို့သော် ကံဆိုးစွာပင်ဆီဆိုင်က မြင်ကွင်းထဲ ပျောက်နေခဲ့၏ ။ ဆီတိုင် ကီ အခြေအနေပြ ဒိုင်ခွက်က ပျက်နေမှန်း သိလျက်နဲ့ မပြင်ခဲ့သော သူ့ရဲ့ လစ်ဟာမှုကြောင့် လည်း ခုလို မခက်ခဲသင့်ဘဲ ခက်ခဲနေရခြင်း ဖြစ်သည်။

ကံဆိုးချင်တော့လည်း ဖြတ်သွား ဖြတ်လာ ကားမှန်သမျှက ကိုယ်ချင်းစာမှု ကင်းမဲ့နေသူ ချည်း ဖြစ်နေ၏ ။ တားနေသော သူ့လက်ပင် ညောင်းသွားရသည်။ ကားတွေက အရှိန်နည်း နည်းမျှ မလျှော့ကြ။ သူတို့ကို မျက်စိအညောင်းပြေ ဟန်ရေးပြနေတယ်များ ထင်နေကြလေ ရော့ သလားမသိ။

အခြေအနေကို စိတ်ပျက်ချင်မိသော်လည်း ပဆစ်အိမ်ဆိုသည့် ကောင်မလေးက သူ့ နောက်ကျောကို တွန်းထုတ်နေသည်။

ပဆစ်အိမ်ကြောင့်ပင် မန္တလေးမှ ယခုလို မှောင်ကြီးမည်းမည်း၌ တက်လာခဲ့ခြင်း ဖြစ်သည်။ ပဆစ်အိမ်ကို သူချစ်သည်။ ချစ်သည် ဆိုတာထက် မြတ်နိုးသည်ဆိုလျှင် ပို၍ မှန် ကန်ပေလိမ့်မည်။ ဆံပင်ရှည်ကြီးများကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ကာ ကျောတွင် သန့် သန့်ရှင်းရှင်းလေးချထားတက်သော ပဆစ်အိမ်၏ အလှက ရိုးရှင်းသည်။ ခါးတို ရင်ဖုံး လေးများ ကို အရောင်အမျိုးမျိုး ထည့်လဲဝတ်တက်သော ပဆစ်အိမ်ရဲ့ ကိုယ်လုံးလေးက ကျော့ရှင်းသည်။ မြန်မာဖြစ် ချိတ်အဆင်လေးများကို ပိပိရိရိ ခါးတွင် တင်တက်သော ပဆစ်အိမ်ရဲ့အလှက ကျက် သရေရှိလွန်းလှသည်

မျက်လုံးဝိုင်းဝိုင်းလေးများက ပွင့်အာခါနီး အားယူနေသော ကြာညိုပွင့်လေး များနှယ် လန်းဆန်းကြည်လင်လှသည်။ နှုတ်ခမ်းလေး မလှုပ်တလှုပ် ပြောတက်သော ပဆစ်အိမ်ရဲ့ အသံလေးကို သူ လွမ်းလှပါပြီ။

ဘယ်ဇာတိ ဘယ်မျိုးရိုးကမှန်း မသိသော ပဆစ်အိမ်ကို သူ မြင်မြင်ချင်း စွဲလမ်းခဲ့ရသည်။ မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုရခြင်းက ထမင်းစား ရေသောက်ထက် ပိုလွယ်တယ်ဟု နှလုံးသွင်းခဲ့သော သူ့အချစ်က ပဆစ်အိမ်ရဲ့ ခြေတော်ရင်းတွင် အတုံးတုံး အရုန်းရုန်းကျဆုံးခဲ့ ရသည်။ "ပဆစ်အိမ်ရယ် . . . မင်းလေးကို ကိုယ်ချစ်လိုက်တာ" ဆိုသော ဝါကျလေးပင် လည် ချောင်းဝ၌ ပိတ်ဆို့ပျောက်ဆုံးခဲ့ရသည်။ ပဆစ်အိမ်ကို ေးရင်း နှလုံး သားရဲ့ ဝေါဟာရကို ခံစား တက်လာသည်။ အချစ်ဆိုတာကြီးက ဒါပါလားလို့ သိလာခဲ့ရသည်။ ချစ်တယ်ဆိုတာ ခံစားတက် လာသောအခါတွင် ချစ်တယ်ဆိုသော စကားလုံးလေးကို သူလွယ်လွယ် ပြောမထွက်တက်တော့ ပါချေ။ ပဆစ်အိမ်၏ ရှေ့သို့ရောက်လျှင် ဖွဲ့နွဲ့စဉ်းစား ခဲ့ရသမျှတွေက ကြက်ပျောက်ငှက်ပျောက် ပျောက်၍ နေခဲ့သည်။ သူက ချစ်တယ်လို့ ပြောကာမှ ပဆစ်အိမ်က သူ့ကို ရှောင်ဖွယ်သွားမည် ကို သူ စိုးကြောက်ခဲ့သည်။ ထို့ကြောင့်ပင် သူ့အချစ်တွေကို ရင်ထဲ သိုဝှက်သိမ်းဆည်းထားခဲ့ရ သည်မှာ ဘယ်လောက်ကြာပြီလဲ။

ပဆစ်အိမ်ကို ချစ်တယ်ဟု ရင်ထဲ အလုံးပေါင်းများစွာ ပြောနေမိသော်လည်း တကယ် တမ်း ပဆစ်အိမ်ရှေ့တွင် တုတ်တုတ်မျှ မလှုပ်ရဲလောက်အောင် ပဆစ်အိမ်က သူ့ကို လွှမ်းမိုး နိုင်လှသည်။ သူ့အချစ်သည် သက်တမ်းရင့် မီးတောင်ကြီးတစ်လုံးပမာ ပေါက်ကွဲထွက်ချင်လာ သည်။

ပထမနှစ်လေး တစ်ခဏတက်ပြီးမှ ပဆစ်အိမ်က သတင်းမပါး၊ အကြောင်းမကြားဘဲ ပျောက်သွားခဲ့တာ ဘယ်လောက်ကြာနေပြီလဲ၊ သူတို့ တစ်အုပ်စုလုံး ဘွဲ့ယူပြီးကုန်သည်မှာ ငါးလကျော်မျှ ကြာမြင့်ခဲ့ပါပြီ။ ဒီအတောအတွင်း ပဆစ်အိမ်ကို တစ်ရက်မျှ မမေ့ခဲ့ပါဘူး။ အမြဲ တမ်း

လွမ်းနေခဲ့ပါတယ်ဟု ဘုရားမှာ သစ္စာဆိုဝံ့ပါသည်။

မေးလိုက်ရသည့်သတင်း၊ စွင့်လိုက်ရသည့်နား။ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့ ဆိုရိုး စကားက သူ့အတွက် မှန်သွားပြန်ပါပြီ။ စုပ်စမြုပ်စ ပျောက်နေသော ပဆစ်အိမ်၏ သတင်းကို လွန်ခဲ့သော နာရီပိုင်းကမှ ကလပ်တစ်ခုတွင် သိခဲ့ရခြင်းဖြစ်သည်။

ထိုသတင်းကို သူငယ်ချင်းသတိုး သယ်ဆောင်လာခြင်းဖြစ်သည်။ ပဆစ်အိမ်အပေါ် သူ ရူးသွပ်မှန်းသိ၍ သူ စုံစမ်းလို့ မရခဲ့သော ပဆစ်အိမ်၏ သတင်းကို သတိုးက စုံစမ်းပေးခဲ့ခြင်း ဖြစ်သည်။

ပဆစ်အိမ်၏ လိပ်စာဟု ပြောကာ စာရွက်တစ်ရွက်လှမ်းပေးလာသော သတိုးကို သူ မ ယုံကြည်ခဲ့ပါ။ သတိုးသည် သူ့ခံစားချက်ကို လှောင်ပြောင်သည်ဟု ယူဆပြီး ကလပ်ထဲတွင် ထိုး မယ် ကြိတ်မယ် တကဲကဲ ဖြစ်ခဲ့ကြသေးသည်။

တကယ်မှန်ကန်ကြောင်း သိသွားချိန်၌ သတိုးကို ထိုင်ရှိခိုးလုမတက် ကျေးဇူးတင်သွားခဲ့ ရသည်။ လိပ်စာကို ဖြန့်ကြည့်သောအခါ တည်နေရာသည် ပြင်ဦးလွင်မြို့စွန် တစ်နေရာ၌ ဖြစ် သည်။ ပြင်ဦးလွင်နှင့် မန္တလေးကို ရေဦးရေမှတ်သွားနေသော သူ့အဖို့ နီးလျက်နဲ့ ဝေး ဖြစ်ခဲ့ ရ၍ မခံချိ မခံသာ ခံစားခဲ့ရသည်။ ထို့ကြောင့်ပင် အချိန်မဆိုင်းတော့ဘဲ အိမ်တွင် အဝတ်အိတ် ပြေးယူကာ ငွေအနည်းငယ်ထည့်ပြီး ညတွင်းချင်းပင် လက်စွဲတော် ဆိုင်ကယ်အနီကြီးနှင့် ပြင်ဦး လွင်သို့ တက်လာခဲ့ခြင်း ဖြစ်သည်။

ပဆစ်အိမ်ကို တစ်နာရီလေး ပိုစောပြီးမှဖြစ်ဖြစ် တွေ့ချင်သည်။ ဒီတစ်ခါသာ ပဆစ်အိမ် ကို တွေ့ပါက အချိန်မဆိုင်းတော့ဘဲ ချစ်တယ်ဟု အခွန်းပေါင်းများစွာ ပြောပစ်ဖို့ အားယူနေခဲ့ သည်။ ပဆစ်အိမ်ရှေ့တွင် မားမားကြီး ရပ်ကာ မျက်စိကို ပိတ်ပြီး ချစ်တယ်ဟု အခွန်းတစ် သောင်းတောင် သူ ပြောပစ်မိမလားဆိုတာ သူ့ကိုယ်သူ အာမမခံနိုင်ပါ။ ပြီးတော့ ပဆစ်အိမ်ရဲ့

ခန္ဓာကိုယ်သေးသေးလေးကို သူ့ရင်ခွင်ထဲ ပျောက်သွားတဲ့အထိ ဖက်ထားမိမလား။ သူ့ရင်တွေ ခုန်လာသည်။ နှုတ်ခမ်းတွေက ပြုံးယောင်သမ်းလာသည်။ လေထုက ခိုက်ခိုက်တုန်အောင် ချမ်းသော်ငြား အချစ်ရဲ့ စွမ်းအားကြောင့် နှလုံးသားလေးသည် နွေးထွေးကြည်လင်နေသည်။

ယခုလို နှစ်တွေခြားအောင် လွမ်းခဲ့ရမှတော့ ပဆစ်အိမ် မုန်းမှာကိုလည်း မကြောက်နိုင် တော့ပါ။ ပါးရိုက်ရင်လည်း ခံမည်။ ဓားနှင့်ထိုးရင်လည်း ငြိမ်ခံနေမည်။ အလွမ်းနှင့် တန်သွား အောင်တော့ ပဆစ်အိမ်ကို သူ ကောင်းကောင်း လက်စားချေရပေလိမ့်မည်။ ဒီတစ်ခါ တွေ့လို့က တော့ ပဆစ်အိမ် ထွက်ပြေးလို့မရအောင်ကို ပဆစ်အိမ်အပါး၌ တောက်တဲ့ ရှူး လောက်အောင် တွယ်ကပ်ပစ်မည်ဟု ရင်ထဲ အသံတိတ်ကြုံးဝါးနေမိသည်။

"ဝေါ"

ခပ်လှမ်းလှမ်းဆီမှ လွင့်ပျံလာသော အသံဖြစ်သည်။

သူနားစိုက်ထောင်မိသည်။ တဝေါဝေါနှင့် မြည်လာသောအသံသည် သူနှင့်နီးသည်ထက် ပိုနီးလာသည်။

သူဝမ်းသာသွား၏ ။ ထွက်ပေါက်ပိတ်နေသော အချိန်၌ အလင်းတန်းကလေးတွေ့ရသူ ပမာ ခုန်ပေါက်မြူးတူးသွားသည်။

မှန်ပါသည်။ ဆိုင်ကယ်သံဖြစ်သည်။ ပို၍ မှန်မှန်ကန်ကန် ခန့်မှန်းရလျှင် သူနှင့် အမျိုးအစား တူသည့် ဆိုင်ကယ်ဖြစ်သည်။

လမ်းဘေးပလက်ဖောင်းပေါ်တွင် ငုတ်တုတ်ထိုင်နေရာမှ ချက်ချင်းထရပ်လိုက်သည်။ ပြီး နောက် လမ်းမတည့်တည့်ရပ်ပြီး အသံလာရာလမ်းကြောင်းသို့ တည့်တည့်စိုက်ကြည့်သည်။

သူ ပထမဆုံးမြင်လိုက်ရတာ က နီကျင်ကျင်မီးရောင်တစ်ခုဖြစ်၏ ။

ထိုမီးရောင်သည် သူ့ မျက်ဝန်းသူငယ်အိမ်သို့ စူးခနဲ ကျရောက်လာသည်။ သို့သော် သူမျက်လုံးကို ဆတ်ခနဲ ပိတ်မချ ပစ်လိုက်ပါချေ။ မျက်ဝန်းပိတ်လိုက်သော ထိုတစ်ခဏ၌ ကယ်တင်ရှင်ဆိုင်ကယ်က မောင်းကျော် သွားမှာ စိုးသောကြောင့် ဖြစ်သည်။

သူ့လက်နှစ်ဖက်ကို လေထဲ ဝဲပြလိုက်သည်။

ဆိုင်ကယ်စက်သံသည် တဝေါဝေါမြည်နေရာမှ လျော့ကျသွားသည်။ ပြီးနောက် လေအ ဟုန်တစ်ခု အေးခနဲ ရိုက်ခတ်လာသည်ကို သူခံစားလိုက်ရသည်။ ပြီးနောက် သူနှင့် တစ်ထွာမျှ အကွာတွင် ဆိုင်ကယ်ရှေ့ဘီးသည် တုံ့ခနဲရပ်သွား၏ ။

“ဘာကိစ္စလဲ”

“ဆိုင်ကယ် ဆီပြတ်သွားလို့ တစ်ဆိတ်လောက် ကူညီပါဗျာ”

သူ့ထက် အသက်အနည်းငယ်ကြီးပုံရမည့် လေသံကြောင့် သူက ရိုရိုသေသေ ပြောလိုက် ခြင်းဖြစ်သည်။ အေးလွန်းသောကြောင့် စကားပြောနေသော နှုတ်ခမ်းနှစ်လွှာသည် တစ်ခုနှင့်တစ် ခု မထိချင်၍ စကားသံက သိပ်မပီသပါ။

“ကိုယ်က ဘာကူညီရမှာလဲ”

ထိုပုဂ္ဂိုလ်၏ အသံသည် ကြည်ကြည်လင်လင် ဖြစ်သည်။ သာမန်နေထိုင်သူထက် ဆိုင် ကယ်မောင်းလာသူက ပိုပြီးအေးစက်ထုံကျင်နေရမှာ ဖြစ်သည်။ သို့သော် ထိုပုဂ္ဂိုလ်၏ အသံက နှုတ်ခမ်းနှစ်ဖက်ကို ထိထိမိမိရှိပုံနှင့် အေးစက်စက်ဖြစ်သည်။ အသံက မာရည်ကျောရည်နိုင်သ ဖြင့် ထိုလူသည် အကြောက်အလန့်မရှိသောလူ ဖြစ်မည်ဟု တစ်ခဏတွင်းမှာပင် ခန့်မှန်းမိသွား သည်။

“ကျွန်တော်က ခရီးသွားပါ။ မန္တလေးက လာတာပါ။ ဒီဆိုင်ကယ်ကို နှစ်ဆယ့်တစ်မိုင် တည်းက တွန်းလာရတာ ”

"ကိုယ် မင်းရဲ့ဘိုင်အိုဂရပ်ဖီကို စိတ်မဝင်စားဘူး လိုရင်းတိုရှင်းပြောပါ"

လေသံကို သိပ်မကြိုက်ချင်သော်လည်း သူက လိုအပ်နေသူမို့ ဆီးရွက်ခန့်ရှိနေသော မျက်နှာကို မန်ကျည်းရွက်ခန့် ပြင်ဆင်ရလေသည်။

သူ့သားရေဂျာကင်အကျႌအိပ်ကပ်ထဲမှ စာရွက်ဖြူလေးတစ်ရွက်ကို ထုတ်သည်။

"အစ်ကို့ဆိုင်ကယ်က ဆီနည်းနည်းမျှပါဗျာ။ ဒါမျှမဟုတ်ရင်လည်း ကျွန်တော့်ကို ဒီလိပ်စာ ကို ပို့ပေးနိုင်မလား"

အစ်ကိုဟု သုံးနှုန်းလိုက်သော်ငြား ရိုကျိုးခြင်းတစ်ခုကိုသာ ကိုယ်စားပြုနေသည်။ ထိုလူ မျက်နှာကို မမြင်ရ၍ ထိုလူ အသက်ကိုတော့ မခန့်မှန်းဆက်ချေ။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း နှင်းတို့ဖြင့် အုံ့ခဲနေ၍ လရောင်ရှိသော်ငြား ဘယ်အရာမှ သဲသဲကွဲကွဲ မမြင်ရပေ။ သည်ကြားထဲ ကယ်တင်ရှင်ပုဂ္ဂိုလ်ထူးက အားမနာ လျှာမကျိုးသူ့မျက်နှာကို ဆိုင်ကယ်မီးကြီးထိုးထားသေး၍ မမြင်ရသော အာရုံသည် ပြာနှမ်းချင် လာသည်။

"မင်းကို ဆီပေးဖို့တော့ မဖြစ်နိုင်ဘူး။ ငါ့ဆိုင်ကယ်လည်း ဆီက ဘယ်လောက်မှကျန် တော့တာ မဟုတ်ဘူး၊ လိပ်စာကိုတော့ ကြုံရင် ပို့ပေးလို့ရတယ်"

ပြောပြောဆိုဆိုပင် ထိုပုဂ္ဂိုလ်က သူ့လက်ထဲမှ စာရွက်ကို ဆတ်ခနဲဆွဲယူပြီး ဆိုင်ကယ် မီး ရောင်အားကိုးကာ ဖတ်နေသည်။ လမ်းကြုံရင်ဆိုသော စကားအရ မကြုံရင်တော့ တကူးတက လိုက်မပို့ဘူးဆိုသည့် သဘောဆောင်နေသည်။ သူ့ရင်ထဲ ဘုရားတနေမိသည်။ ကံကောင်း ထောက်မစွာ လမ်းကြုံပါစေ။ အကယ်၍ ထိုပုဂ္ဂိုလ်သာ ငြင်းလိုက်မည်ဆိုပါက ကလီစာတွေထိပါ အေးစက်စပြုနေပြီဖြစ်သော သူက ဒီလမ်းမပေါ်၌ မိုးမလင်းခင် အေးခဲပြီး သေရပါလိမ့်မည်။

မနက်ခြောက်နာရီထိုးတဲ့အချိန်ထိ နှင်းခဲဆဲဖြစ်သော ဒီလမ်းမပေါ်သို့ ကျန်းမာရေးလေ့ ကျင့်ခန်းလုပ်သူများလာတဲ့အချိန်ထိ သူတောင့်ခံနိုင်တော့မည် မဟုတ်မှန်း သူ့ကိုယ်သူ သိနေ သည်။ ခရီးက ဘယ်လောက်မှ မဝေးသော်ငြား မန္တလေးနှင့် ပြင်ဦးလွင်သည် အမေရိကန်ပြည် ထောင်စုနှင့် အီရန် အီရတ်သမ္မတသာမှ မဆိုင်အောင် ခြားနားလွန်းလှသည်။

“ဒီလိပ်စာကို မင်း ဘယ်ကရသလဲ”

အသံက အနိမ့်အမြင့်မရှိ၊ မာရည်ကြောရည် ဖြစ်သည်။ သူကပဲ နိုင်ငံထဲခိုးဝင်လာပြီး လူ ဝင်မှုကြီးကြပ်ရေးနှင့် ပက်ပင်းတိုးသည့် လေသံမျိုးဖြစ်သည်။ အကူအညီမရရင်လည်း နေကွာ ဆိုပြီး နီးရာကျောက်တုံးနှင့် ထုထည့်ချင်လှသည်။ သို့သော် မျက်နှာပေါ် မီးထိုးသောကြောင့် ပတ်ဝန်းကျင်တွင် လူကို သေစေနိုင်လောက်သော အရွယ်အစား ကျောက်တုံးမျိုး ရှိ.မရှိ မမြင်နိုင် ချေ။

“ဘယ်သူ့ဆီသွားမှာလဲ”

အဆိုးဘက်မှ တွေးရင်တော့ လျှာရှည်လှချည်လား၊ ဘယ်သူ့ဆီသွားသွား ခင်ဗျား အပူ လား ဟု ငေါ့ထိုးချင်စရာကောင်းပေမယ့် အကောင်းဘက်မှ တွေးပြန်တော့လည်း ဒီလိပ်စာကို ဒီပုဂ္ဂိုလ်က သိနေလို့များလားဆိုသော ဒွန်တွဲမှုမျိုး ဖြစ်ပေါ်လာသည်။

“ဒီလိပ်စာကို အစ်ကိုသိလို့လား။ ဒါက ဘယ်နားမှာလဲ။ ဒီနေရာနဲ့ တော်တော်လှမ်းသေး လား”

ပြင်ဦးလွင်မြို့ခံနီးနီး ပြင်ဦးလွင်မြို့ကို ကျွမ်းကျင်သော်လည်း ထိုလိပ်စာက သူ့မျက်ဝန်း ထဲ ပုံမပေါ်လှပါချေ။ လိပ်စာအရ ဂန္ဓမာမြိုင်က ဟိုကွေ့ဒီဝိုက်များလှသော ဒီပြင်ဦးလွင်မြို့ သည် ဝင်္က်ပါတောကို လိုက်မီလိမ့်မည် ထင်ပါရဲ့။

“တည်းခိုခန်းဆိုရင်တော့ မင်း နီးစပ်ရာကိုသာ ရွေးတော့။ အဲဒီ အိမ်က

တည်းခိုခန်း မ ဟုတ်တော့ဘူး”

သူ့စိတ်ထဲ ကြောင်သွားသည်။ ဒီလူ ဘာတွေ ပြောနေတာလဲ။

“အဲဒီ တည်းခိုခန်းက ပိတ်လိုက်တာ ကြာပြီ။ အဲဒါက မိသားစုစံအိမ်ပဲ”

“ဒါဆို အဲဒီ အိမ်ကို အစ်ကိုသိတယ်ပေါ့။ ကူညီပါဗျာ။ ကျွန်တော့ကို လိုက်ပို့ပေးပါ။ ကျွန်တော်က ကျွန်တော့ သူငယ်ချင်းနဲ့တွေ့ဖို့ လာတာပါ။ ပဆစ်အိမ်လေ”

ထိုပုဂ္ဂိုလ်၏ အကြည့်က သူ့ထံ ဒိုင်းခနဲစူးခဲ့သည် ထင်ပါရဲ့။ ကြက်သီးမွေးညင်းများပင် ဖျဉ်းဖျဉ်းထသွားသည်။

“စံအိမ်နာမည်က မြကေသျှောင်ပဲ။ ဒီနာမည်မျိုးက ရှားပါးတယ်။ အစ်ကိုသိရင် ကျွန် တော့်ကို ကူညီပါဗျာ။ ကျွန်တော် ဒုက္ခရောက်နေလို့ပါ”

“မင်းရဲ့ဆိုင်ကယ်ကရော”

“လိုင်စင်ပါတာပဲ။ သော့ခတ်ထားခဲ့မယ်။ ပိုင်ရှင်ကိုမတွေ့ရင်ရဲတွေက ဒီဆိုင်ကယ်ကို အိမ်အရောက်ပို့ပေးလိမ့်မယ်”

“သွားရဦးမယ်။ ဒါက မြို့စွန်မှာပဲ”

“မြို့စွန်”

“အခု မင်းရပ်နေတဲ့နေရာနဲ့ တစ်မိုင်လောက် ဝေးနေသေးတယ်”

“ကျေးဇူးတင်ပါတယ် အစ်ကိုရယ်။ အစ်ကို့ကျေးဇူးကို ကျွန်တော် မမေ့ပါဘူး”

ပြောပြောဆိုဆိုပင် ကယ်ရီယာခုံပေါ်မှ ကြိုးဖြင့်တုတ်နှောင်ထားသော အိတ်ကို ဆွဲဖြုတ် လိုက်သည်။ ထိုအိတ်ကို ကျောတွင်ပိုးလိုက်သည်နှင့် တစ်ပြိုင်နက်ကျောပြင်မှာ နွေးခနဲ ခံစား လိုက်ရသည်။

ဆိုင်ကယ်ကြီးကို လမ်းဘေးထိုးရပ်ကာ ဇက်သော့ကို သေချာခတ်သည်။

ထိုပုဂ္ဂိုလ်၏ ပခုံးကို ဆုပ်ကိုင်ပြီး
လှွားခနဲခုန်တက်လိုက်တာနှင့်တစ်ပြိုင်နက် ဆိုင်ကယ် ပေါ် ရောက်ရှိသွားသည်။

ဆိုင်ကယ်သံသည် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့်
လေနီကြမ်းပမာ အမြန်နှုန်းနှင့် ပေါ့ပါးစွာ နှင်းတောထဲ ပြေးဝင်သွားသည်။
ဆိုင်ကယ်မောင်းကြမ်းလှပါ ချည်ရဲ့ဆိုသော သူပင် လျှင် လက်ဖျားခါချင်လာသည်။
မြွေလိမ်မြွေကောက် လမ်းကလေးများ ကို ကွေ့ဝိုက်နေသော ဆိုင်ကယ်သည်
ပြိုင်ပွဲဝင် မော်တော်ဆိုင်ကယ်များထက် ပိုဆိုးနေသည်။

တစ်ချက် တစ်ချက် ဘရိတ်ကို ဆောင့်နင်းလိုက်လျှင် သူ့ခန္ဓာသည်
ထိုလူ့ကျောကုန်း ကို ဖြတ်ကျော်ချင်နေပါပြီ။ ဘရိတ်ဆောင့်နင်းချိန်၌
အသက်ရှူတစ်ခါခြားမှုတွင် ဂီယာကို ချိန်းပြီး လီဗာကို တင်လိုက်ပြန်လျှင် ထိုလူရဲ့
ခါးကို အားမနာတမ်း ဖမ်းဆွဲထားရပြန်သည်။

ရှေ့ဘီးလေးတစ်ချက်တစ်ချက် မြေမှ လွတ်အောင် မောင်းနေသော
ထိုပုဂ္ဂိုလ်၏ ဆိုင် ကယ်ကို စီးနင်းလိုက်ပါရသည်မှာ နောင်တရချင်လာသည်။
ဒါမှန်းသိရင် သရဏဂုံ တည်ခဲ့ပါတယ် ဟု ရင်ထဲ ပြောနေမိသည်။

တစ်မိုင်ဆိုသော ခရီးသည် ဆိုင်ကယ်အားကြောင့် ဘယ်လောက်မျှ
မကြာလိုက်ပါချေ။ ဘယ်လမ်းကို ချိုးကွေ့ပြီး
ဘယ်ကဘယ်လိုရောက်လာမှန်းမသိပေမယ့် ယခု သူ မြကေသျှောင် ခြံရှေ့သို့
ခြေချမိနေပါပြီ။

လမ်းဘေးဝဲယာတွင် ပန်းခင်းလေးများ ရောင်စုံရှိနေသည်ကို
သတိထားမိသော်လည်း ဆိုင်ကယ်အဟုန်ကြောင့် မည်သူ့ပန်းများ
မည်သည့်အပင်များဆိုတာကိုပင် မခွဲခြားတက်လိုက်ပါ ချေ။ အားလုံးက
တစ်ပွင့်တည်း တစ်ရောင်တည်းဟုပင် ရင်ထဲ မှတ်သားမိပါသည်။

“ရောက်ပြီ”

ဆိုင်ကယ်ပေါ်မှ ဆင်းဆင်းချင်းပင် ထိုးအန်ချင်လာသည်။ သို့သော် ဆယ့်တစ်နာရီ ခန့်က သောက်ခဲ့သော ဘီယာကို နှမြောမိ၍ သည်းခံမျိုသိပ်လိုက်ရ၏ ။

“ကျေးဇူးပဲ”

“ရပါတယ်”

ထိုအခါမှ ထိုပုဂ္ဂိုလ်ရဲ့ မျက်နှာကို မြင်ရပါတော့သည်။ ဒါလည်းမသဲမကွဲရယ်ပါ။ ခြံရှေ့ တွင် ထွန်းထားသော နီကျင်ကျင် မာကျူရီမီးကြောင့် ထိုလူသည် လူချောတစ်ယောက်မှန်း သူ သိလိုက်ရခြင်းဖြစ်သည်။ မျက်နှာက ဘဲဥပုံမျက်နှာကျဖြစ်ပြီး နှုတ်ခမ်းပါးနှစ်ထပ်က တည်တင်း နေသည် သူ့အားလည်း စူးရှစွာ စိုက်ကြည့်နေ၏ ။

“ဘဲလ်တီးလိုက်ပါ လူထွက်လာပါလိမ့်မယ်”

ပြောဆိုရင်း ဆိုင်ကယ်ကို တဝေါဝေါနှင့် မောင်းထွက်သွားပြန်၍ ရင်ထဲ ဘယ်လို လူလဲဟု ပဟေဠိဖြစ်သွားသည်။

ထိုပုဂ္ဂိုလ်၏ ကျောပြင်ကို ငေးနေမိသည်။ ကြာကြာမငေးလိုက်ရပါ။ ထိုပုဂ္ဂိုလ်သည် ထူ ပိန်းသောနှင်းတောထဲသို့ တိုးဝှေ့ပျောက်ကွယ်သွားသည်။ တဝေါဝေါမြည်နေသော ဆိုင်ကယ် အင်ဂျင်သံသည်လည်း တဖြည်းဖြည်းဆိတ်ငြိမ်ပျောက်ကွယ်သွား၏ ။

မြကေသျှောင်အိမ်တော်ကြီးကို သူ ငေးကြည့်နေမိသည်။ အိမ်သုံးလုံးကို အမိုးချွန်ချွန် လေးများနှင့် ဆက်ထားသောကြောင့် ရဲတိုက်ကြီးနှင့် တူလှသည်။ မည်းတစ်ဝက် ဖြူတစ်ဝက်နှင့် မို့ အိမ်ကြီးသည် အိုမင်းရင့်ရော်နေပြီဟု ပိုင်ရှင်က မပြောသော်ငြား ခန့်မှန်းမိလိုက်သည်။ ဆင်ခြေ လျှော၏ တစ်ဖက်တွင်

ဆောက်လုပ်ထားသည့်မို့ အိမ်ကြီးသည် ကြီးကျယ်မြင့်မြတ်သယောင်၊ တိတ်ဆိတ်အထီးကျန်နေသယောင် မြူနှင်းကြားထဲ ဝိုးတဝါး ရှိနေသည်။ ပတ်ဝန်းကျင်တွင်လည်း လူနေအိမ်ကျဲပါးနေသည်။ သူ့ရင်ထဲ ခြောက်သွေ့သွားသည်။

ချစ်ရတဲ့ ပဆစ်အိမ်က ဒီလိုအိမ်ကြီးမှာ နေတာလား။ ချုံနွယ်များ လိမ်တက်နေသော ခြံ စည်းရိုးကို ဘာရယ်မဟုတ် ငေးမောကြည့်နေမိသည်။ ခြံကြီးမှာ အလျားရှည်လွန်း၍ ခြံစည်းရိုး ဟုထင်ရသော နွယ်ပင်များမှာ မျက်စိတစ်ဆုံးဖြစ်နေ၏ ။ အိမ်တံခါးကြီးသည်လည်း သံချေးရောင် ကြောင့် မူလအရောင်ပင် ပျောက်လုနီးနေပါပြီ။

သူ သက်ပြင်း ရှိုက်လိုက်၏ ။ လျှော့ရဲနေသော ကျောပိုးအိတ်ကြိုးစကို ပခုံးပေါ် ဆွဲတင် သည်။ ပြီးနောက် လူခေါ်ဘဲလ်လေးရှိလိုရှိငြား တံခါးနံရံတွင် ရှာဖွေမိသည်။

ဒီအချိန်ကြီး အိပ်ရာထကြဦးမလား။ အကယ်၍ သူက ဘဲလ်ကိုနှိပ်လိုက်လျှင် အိမ်သား တစ်ဦးဦး ရောက်လာလိမ့်မည်။ ဒါဆို သူ ဘာပြောရမှာလဲ။ ပဆစ်အိမ်နဲ့ တွေ့ချင်လို့ပါဟု ပြော မှာလား။ ဒါဆို ပဆစ်အိမ်အတွက် ဘာဖြစ်သွားမလဲ။ မိန်းမပျိုလေးတစ်ယောက်ကို မိုးမလင်းခင် လာရှာတဲ့ ယောကျာ်းတစ်ယောက်က ဘာပက်သတ်မှုမျိုးလဲ။ ချစ်သူလည်း မဟုတ်။ လက်ထပ် မည့်သူလည်းမဟုတ်။ သူငယ်ချင်းဆိုလည်း မဟုတ်။ အတွေးကြောင့် သူတုံ့ဆိုင်းသွားပြန်သည်။

"ငါဘာကြောင်ပြန်ပြီလဲ။ အဲဒီ လို ချီတုံချတုံဖြစ်နေလို့လည်း နောင်တအကြိမ်တစ်သောင်း မက ရခဲ့ပြီးပြီ မဟုတ်လား၊ ဖြစ်ချင်ရာဖြစ်"

သူ့ကိုယ်သူ မချီတင်ကဲ အပြစ်တင်မိပြန်သည်။ ဘာပင်မှန်းမသိသော နွယ်များက နှင်း ရည်တို့နှင့် နှောနေ၍ သူ့လက်တစ်ဖက်မှာ စိုရွှဲ၍ နေပါပြီ။ သို့သော်

ညိုသော၊ နီသော၊ ဖြူသော ခလုတ်ကိုပင် ရေးရေးယောင်ယောင် မစမ်းမိပါ။

အိမ်ရှင်တို့လို့ အသံပြုအော်ခေါ်ရအောင်လည်း သူ့ လည်ချောင်းတွေ ကွဲထွက်သွားဦး တော့တောင် အိမ်ကြီးရှင်များက ကြားမည်မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ ခြံဝင်းအကျယ်ကို အမြင်နှင့်ပင် ခန့်မှန်းမိနေသည်။ ခြံဝနှင့် အိမ်ကြီးဆီ ရောက်ရန် အနည်းဆုံး ဆယ်မိနစ်ခန့် လျှောက်ရမယ် ထင်ပါရဲ့။

ပဆစ်အိမ်ရယ် ဒီအချိန် မင်း ဘာလုပ်နေပြီလဲ။ လှလှလေလေး အိပ်ပျော်နေမှာလား။ စောင်ခြုံထဲကွေးပြီး ဝတ္ထုစာအုပ်ဖတ်နေမှာလား။

ဒီနေရာဟာ ပဆစ်အိမ်ရဲ့ အငွေ့အသက်လေး ရှိတဲ့ နေရာပါဆိုတဲ့ အသိလေးနှင့်ပင် သူ့ စိတ်နှလုံးတစ်ခုလုံး အေးချမ်းနေရပါပြီ။ ပဆစ်အိမ်ရဲ့ အရိပ်အယောင်လေးကို တွေ့ရလျှင်ပဲ ကျေနပ်ပါပြီ။

ပဆစ်အိမ်ရဲ့ မျက်နှာလေးကို အဝကြည့်ပြီးမှ သူ တည်းခိုခန်းရှာရပေလိမ့်မည်။

"မင်းကသာ ရူးနေ ဟိုက အိုပြီလား၊ ပျိုသေးလား မင်း သိလို့လား"

သတိုးက ထိုသို့ မဆင်မခြင် ပြောခဲ့စဉ်က သတိုး၏ နှုတ်ခမ်းမှ သွေးယိုသည်ထိ သူ ထိုး ခဲ့ဖူးသည်။ သတိုးရဲ့ စကားလုံးက ဖြစ်ချင်ဖြစ်နိုင်နေမည်ကို ခံစားမိသော်လည်း သူ လက်မခံ ချင်ပါ။ သူ့နှလုံးသားထဲ သိနေတာက ပဆစ်အိမ်ဖြစ်သည်။ ပဆစ်အိမ်၏ အပြုံးများ ဖြစ်သည်။ ပ ဆစ်အိမ်က အိုတယ်၊ ပျိုတယ်ဆိုတာ သူစိတ်ဝင်စားသော ကိစ္စတော့ မဟုတ်ပါချေ။ ထို့ကြောင့် အိမ်ထောင်ကျနေပြီဆိုသော ကိစ္စကိုပင် သူ ဝိုးတဝါးပင် မတွေးခဲ့ပါ။ သို့သော် စိတ်သည် ထူး ဆန်းစွာပင် ယခုတော့ ထိုအကြောင်းအရာကို တွေးတောကြောင့်ကြနေတက်ပါပြီ။ လက်ဖျားများ လည်း တုန်ယင်လာသည်။ ထိုသို့ တုန်ယင်ခြင်းက လေထုရဲ့ အေးစိမ့်ခြင်းကြောင့် မဟုတ်ဘဲ နှလုံးသားရဲ့ အေးစက်ခြင်းကြောင့် ဖြစ်သည်။

ပဆစ်အိမ်ကို တွေ့ချင်လွန်းတာလည်း သူ့စိတ်ဖြစ်သည်။ တောင်တွေး၊ မြောက်တွေးနှင့် မတွေးရဲတော့တာလည်း သူ့စိတ်ပဲဖြစ်သည်။ သူ ရူးသွားပြီလား။ ပဆစ်အိမ်က သူ့အား ပြုစား နိုင်လွန်းသည်။

အရိုးကွဲမတက် အေးသော နှင်းတောထဲ၌ ပင် အခင်းမပါ ထိုင်ချမိသည်။

မြက်များတွင် တွဲခိုနေသော နှင်းစက်လေးများက တင်ပါးသို့ အေးခနဲစိုလာ သည်ကိုလည်း သတိထားမိသည်။ သို့သော် ထိုအအေးဓာတ်က သူ့အတွက် ဘာများအရေးပါ တော့မှာလည်း။

"ဂလောင် . . . ဂလောင်"

ကျောပြင်သည် တံခါးရွက်ကို တိုက်မိသောအခါတွင် တံခါးရွက်ဆီမှ အသံတစ်ခု ထွက် ပေါ်လာသည်။ သူလန့်သွား၏ ။ ဘာများလဲ။

"ဂလောင် . . . ဂလောင်"

နှစ်ချို့ခေါင်းလောင်းလေး တစ်လုံး ဖြစ်ပုံရသည်။ ကျောပြင်မှီကပ်လိုက်ခြင်းကြောင့် ခေါင်းလောင်းနှင့် တံခါးရွက်တို့ ပွတ်မိသော အသံဖြစ်သည်။

ဝမ်းသာရမလား၊ ထိတ်လန့်ရမလား မသိအောင် ပြာဝေသွားသည်။ အိမ်ရှင်များကို ခေါ်ချင်သော်လည်း ထွက်လာမည်ကို စိုးရိမ်မိပြန်သည်။

"ဘယ်သူလဲ"

"အမလေး"

ရုတ်တရက်ထွက်ပေါ်လာသော သဏ္ဍာန်ကြောင့် ဖြစ်သည်။

မှုန်ရီမှုန်ဝါးဆိုသော်ငြား ထိုပုဂ္ဂိုလ်ကို သူ ပီပီသသ မြင်လိုက်ရသည်။ အသက်အရွယ် ကြီး ပြီဖြစ်သော ယောက်ျားတစ်ယောက်ဖြစ်၏ ။ တွန့်သောပါးအရေပြားများသည် တွဲကျ၍ နေပါ ပြီ။ ထိုပုဂ္ဂိုလ်က မီးအိမ်ကို

လက်မှကိုင်ထားသည်။

သူ ရယ်ချင်လာသည်။ ဒီခေတ်ကြီးမှာ ဒီလိုမီးအိမ်မျိုး သုံးတဲ့အိမ်ရှင် ရှိသေးရဲ့လား။

"မိုးမလင်းသေးဘူး။ ခြံရှေ့ ဘာမျှော်နေတာလဲ"

"ကျွန်တော် မန္တလေးက လာတာပါ။ ဒါ ပဆစ်အိမ်တို့အိမ် ဟုတ်ပါတယ်နော်"

ထိုပုဂ္ဂိုလ်က သူ့အား မီးအိမ်အလင်းရောင်အားကိုးပြီး ကြည့်သည်။

"မောင်ရင်က ဘယ်သူလဲ"

"ကျွန်တော် သူ့သူငယ်ချင်းပါ။ မန္တလေးက လာတာပါ။ ဆိုင်ကယ်က လမ်းမှာပျက် . . ."

"နာမည် ဘယ်လိုခေါ်သလဲ။ မမလေးနဲ့ ဘယ်မှာ သိတာလဲ"

"မန္တလေးမှာ ကျောင်းတက်ရင်း သိတာပါ။ ကျွန်တော့်နာမည် ဇမ္ဗူမင်းစံလို့ ခေါ်ပါတယ် ခင်ဗျ။ ကျွန်တော် အရမ်းအေးနေလို့ အိမ်ထဲ ဝင်လို့ရမလား"

မရှက်မကြောက်ပင် တောင်းဆိုလိုက်ရပြန်သည်။ ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက် ဆိုသော မရှက်ကြီး သုံးပါးထဲတွင် သူက နောက်တစ်ပါးကို ထပ်ဖြည့်ချင်ပါသည်။ ချမ်းမရှက်ဟု . . .

"ဂျလောက်"

တအီအီနှင့် မြည်နေသော တံခါးမှာ ခပ်ကြာကြာဖွင့်လိုက်သောအခါ ဂျလောက်ဆိုသော အသံနှင့်အတူ ပွင့်သွားသည်။ သူမှန်းတာ မလွဲဘူးဆိုပါက ဤတံခါးချပ်သည် မဖွင့်သည်မှာ လ ပိုင်းမျှရှိတော့မည် ထင်ပါရဲ့။ ထိုမတိုင်ခင်ကလည်း အဖွင့်အပိတ် နည်းပါးပုံရသည်။

“ဝင်ပါ”

စကားက လိုရင်းတိုရှင်းဖြစ်သည်။ အမိန့်ရသည်နှင့် တစ်ပြိုင်နက် သူလည်း အားမနာ လျှာမကျိုးပင် ခြံဝင်းထဲ အခန့်သား ဝင်လာခဲ့သည်။

ပြီးနောက် ထိုပုဂ္ဂိုလ်နောက်မှ ခပ်ရှိန့်ရှိန့်လိုက်ပါလာသည်။

“ကျွီ”

တံခါးဖွင့်သံနှင့်အတူ အဆောက်အဦးကြီး၏ ဝင်ပေါက်မှာ ပွင့်သွားသည်။

“ဝင်ပါ”

ဒုတိယအကြိမ် အသုံးအနှုန်းဖြစ်သည်။ ညာခြေကို အားပြုရပ်ပြီး ဘယ်ခြေကို စတင်ပြီး လှမ်းသည်။ ရုတ်တရက် နွေးခနဲ ခံစားလိုက်ရသည်။ ထိုအရသာက ကောင်းသည်။ ချက်ချင်းဆို သလို တစ်တောင်လောက်မြင့်သော သူ့အိပ်ရာကို သတိရသွားမိသည်။

“ထိုင်”

အိမ်အတွင်းပိုင်းက မှောင်နေသော်ငြား ခပ်လှမ်းလှမ်းရှိ မီးလင်းဖိုအရှိန်ကြောင့် ဝိုးတဝါး တော့ မြင်ရသည်။ နွေးထွေးသည်။ အိမ်က နွေးလာ၍ လား မသိ စိုစိစိဖြစ်နေသော သူ့တင်ပါး မှာ သိသိသာသာ စိုထိုင်းလာသည်။

သူက မီးလင်းဖိုနံဘေးရှိ ခုံတစ်လုံးဘေးတွင် ဝင်ထိုင်သည်။ နံနက် ငါးနာရီဆိုသော အချိန်သည် နှင်းကျ၍ အကောင်းဆုံးသော အချိန်မို့ ပတ်ဝန်းကျင်သည် မှောင်မည်းဆဲဖြစ်သည်။

“ငါ့နာမည် ဒေဝ။ ငါက ဒီအိမ်ကြီးရဲ့ ခြံစောင့်ပဲ။ မင်း အေးခဲပြီး မသေခင် ဒီမှာထိုင်နေ ပါ။ တံခါးတွေကို လုံးဝမဖွင့်နဲ့နော်။ အိမ်ရှင်တွေ မလာမချင်း

ဒီနေရာကနေ မရွေ့နဲ့”

စကားလုံးသည် ထူးဆန်းလှသည်။ လွတ်လပ်ပွင့်လင်းသောခေတ်၌ ဒီလို တင်းကြပ်စွာ စည်းကမ်းအထုတ်ခံရခြင်းကို မကျေနပ်သော်ငြား ပဆစ်အိမ်ဆိုသော အသိနှင့် ခေါင်းငုံ့ခံလိုက် သည်။

ဦးဒေဝက နံရံသို့လျှောက်သွားကာ မီးခလုတ်ကို ဖွင့်လိုက်ချိန်၌ တစ်ခန်းလုံး လင်းကျင်း သွားသည်။

အဖြူရောင်မီးချောင်းများ မဟုတ်၍ ရှင်းရှင်းချည်း လင်းသွားတာမျိုးတော့ မဟုတ်ချေ။

တစ်ခန်းလုံး လင်းသွားတော့မှ ဦးဒေဝက လက်ထဲမှ မီးအိမ်ကို ငြိမ်းသည်။ ပြီးနောက် သူ့အား စူးရှစွာ ကြည့်သည်။ သူ့ရင်ထဲ တွန့်သွားသည်။ ထိုအကြည့်ကို မနှစ်သက်သော်လည်း တုံ့ပြန်နိုင်စွမ်းအား မရှိပါချေ။ ရင်ထဲကတော့ ပဆစ်အိမ်ကို တွေ့ချင်နေတဲ့ စိတ်က တစ်ပိုင်းသေ ချင်နေပါပြီ။ ဒီအိမ်ကြီးထဲ ပဆစ်အိမ်ရှိနေမှန်း သိလျက်နှင့် မတွေ့နိုင်သေးတဲ့ အဖြစ်ကို ရင်နာ မိသည်။

“ဘယ်သူလဲ”

ဩဇာအာဏာရှိလှသော အသံတစ်ခုဖြစ်သည်။ ထိုအသံသည် ကျွန်းလှေကားကြီးဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ အသံလာရာဆီသို့ သူ လှည့်ကြည့်လိုက်ချိန်၌ အင်မတန် ကျက်သ ရေအပေါင်းနှင့် ပြည့်စုံသောအမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။

သူ ငေးခနဲ ဖြစ်သွား၏ ။ လှလိုက်တာ ရှည်သော ဆံပင်ကြီးကို တစ်ပတ်လျှိုဆံထုံးဖွဲ့ကာ ပိုသော ဆံပင်ကို ရင်ညွန့်၌ သပ်ချထားသည်။ အနီရောင်တောက်နေသော ကတ္တီပါအင်္ကျီရင်ဖုံး လေးတွင် ရွှေကြယ်သီးကြီးက ဝင်းပြောင်၍ နေသည်။ မဟာဆန်သော မျက်နှာလှလှနှင့် လိုက် ဖက်စွာပင် မျက်လုံးအကြည့်တို့က စူးရှ၍ နေသည်။ ဒါဘယ်သူလဲ။ ပဆစ်အိမ်နဲ့ တူလိုက်တာ။

ပဆစ်အိမ်ရဲ့ အမေများလား။ မဖြစ်နိုင်ပါ။ ဒီအမျိုးသမီးအသက်က အလွန်ဆုံးရှိလှ သုံးဆယ်၊ သုံးဆယ့်ငါးပေါ့။ ဒါဆို ပဆစ်အိမ်ရဲ့ အစ်မလား။

"မမလေးရဲ့ မိတ်ဆွေလို့ ပြောပါတယ် သခင်မလေး"

"လူတစ်ယောက်ကို အဲဒီ လောက် သိရရုံနဲ့ အိမ်ထဲ သွင်းလိုက်ရောလား"

ထိုအမျိုးသမီးအသံက ပြတ်သားလှသည်။ သူ့မာနက ဆတ်ခနဲ ဖြစ်သွား၏ ။ ဒီရုပ် ဒီ ရည်ကိုလည်း ကြည့်ပါဦး။ ဒီပုံက သူခိုးကြမ်းပိုး ဖြစ်မတဲ့လား။ စီးထားတဲ့ဖိနပ်ကိုလည်း အားနာ ပါဦးဟု အချဉ်ပေါက်စွာ တွေးပစ်သည်။ ဖိနပ်ဆိုရင် ဘရန်းအမြင့်စားမှ ကြိုက်သောသူက သိန်း ကျော်တန်မဟုတ်ရင် မစီးတက်တာ သူ့ပတ်ဝန်းကျင်မှ လူများအသိဖြစ်သည်။ ဒီလိုစုတ်ပြတ်နေ တဲ့ အိမ်မျိုးကို သူလို အဆင့်က ဘာသိဝှက်ရဦးမှာလဲ။ ဟွန်း . . . ပဆစ်အိမ် ပဆစ်အိမ် . . . မင်းကြောင့် ငါသည်းခံနေရတာ တွေ များနေပြီနော်။

"ဇမ္ဗူမင်းစံလို့ ပြောပါတယ်။ မန္တာလေးက လာတာတဲ့။ နှင်းတွေက ခဲနေလို့ ခေါ်သွင်း လိုက်တာပါ"

"ရှုပ်ရှုပ်ယှက်ယှက်"

လှေကားထိပ်မှ မဆင်းဘဲ အပြစ်တင်နေသော ထိုအမျိုးသမီးက လူမှုရေးအသိ ခေါင်း ပါးလွန်းတယ်ဟု ထင်သည်။ ဧည့်သည်ကို ရှေ့တွင် ငုတ်တုတ်ထားပြီး ပြောဆိုနေသည်မှာ သူ့ အား စော်ကားရာ ကျလာသောကြောင့် သူ့ထံတွင် သည်းခံနိုင်စွမ်းများ ကုန်ဆုံးသွားပါပြီ။

"ခင်ဗျား ရိုင်းလှချည်လား။ လူတစ်ယောက်ကို မမေးမြန်း မစူးစမ်းဘဲ အသားလွတ် စွတ် ကောနေတာ ခင်ဗျား လွန်သွားပြီ။ သည်းခံနိုင်စွမ်းတွေ မိုင်ကုန်နေပြီ"

"ဦးဒေဝ . . . သူ့ကို အခုချက်ချင်း ခြံထဲက ဆွဲထုတ်လိုက်စမ်း"

ဦးဒေဝသည် သခင့်အမိန့်တော်ကို လိုက်နာလွန်းသည်ဟု ထင်သည်။ ထင်သည့်အတိုင်း ပင် သူ့လက်မောင်းကို သန်မာသော လက်ကြီးများနှင့် ဆုပ်ကိုင်နေသည်။ သူရုန်းသည်။ သို့ သော် မရပါချေ။ အဘိုးကြီးက ဇရာထောင်းသော်လည်း မာဆဲဖြစ်သည်။ ဒါ ရန်သူကို အထင် သေးတဲ့ သူ့အားနည်းချက်ကြောင့်လည်း ဖြစ်နိုင်သည်။

အဘိုးကြီးတစ်ယောက် သူ့ကို ဖမ်းချုပ်လိုက်တာ သူ မရုန်းလိုက်နိုင်ပါဘူးဟု သတိုးတို့ကို ပြောပြပါလျှင် သတိုးက အူတက်ပြီး သေရပေလိမ့်မည်။

"သူ့ကို လွှတ်လိုက်ပါ ဦးဒေဝ"

သူ့နောက်ကျောဘက်ဆီမှ ထွက်ပေါ်လာသော အသံဖြစ်သည်။ ထိုအသံသည် သူ့စိတ် နှလုံးတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်သူပါ။ လှည့်မကြည့်ဦးတော့ သိနေသည်။ ဒါ သူ့ရဲ့ ပဆစ် အိမ်ပေါ့။

*

"ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

မတွေ့တာကြာ၍ လား မသိ ပဆစ်အိမ်က အရင်ကထက် ပိုလှလာသည်ဟု ခံစားရသည်။ နှင်းမှုန်တွေကြားတွင် လျှောက်လှမ်းနေသော ပဆစ်အိမ်က ခြေလှမ်းတိုင်း လှနေ၏ ။

"ရှင် အိမ့်ကို တစ်ချိန်လုံး ကြည့်နေတော့မှာလား"

သူ ပြုံးသည်။ သူ ငေးနေတာကို ပဆစ်အိမ် ရိပ်မိသွားပြီထင်ပါရဲ့။ ဘယ်လိုများ ရိပ်မိ လိုက်ပါလိမ့်။ သူ့ကို ပဆစ်အိမ်က မျက်ဝန်းတစ်ဖျော့လေးပင်

မကြည့်သေးကြောင်း သူ သိနေ သည်။

“မင်းကို ကိုယ် အရမ်းချစ်တယ် ပဆစ်အိမ်”

“အိမ် သိပါတယ်”

သူ ရင်တုန်သွားသည်။ ပဆစ်အိမ်က ထိုသို့ပြောလာလိမ့်မယ်ဟု စိတ်ကူးထဲမှာပင် မ တွေးခဲ့ဖူးသောကြောင့်ဖြစ်သည်။

ပဆစ်အိမ်က ထုံးဖြူဖြူသုတ်ထားသော ခုံတန်းပေါ်တွင် ညင်သာစွာ ထိုင်သည်။

“ထိုင်လေ။ ဒီလောက်လျှောက်ခဲ့ရတာ ရှင် မမောဘူးလား”

ပဆစ်အိမ်၏ အသံက သိမ်မွေ့သည်။ ချိုသာသည်။ ဆံပင်ရှည်ကြီးကို ထိုင်မိမှာစိုး၍ လက်ဖြင့် ပွေ့ပိုက်ထားသော ပဆစ်အိမ်အလှက ဂန္ထဝင်ဆန်လွန်းလှသည်။ ဆွယ်တာအကျႌအဖြူ ရောင်လေးနှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသော ငွေချည်ထိုး အဖြူခံချိတ်လေးမှာ ပဆစ်အိမ် တစ်ယောက်တည်းသာ ဝတ်သည်ဟု သူထင်သည်။ သူ့မျက်ဝန်းထဲ ပဆစ်အိမ်သည် ဘယ်လို ငေးငေး ရှုမဝနိုင်သည့် လက်ရာမြောက် ပန်းပုရုပ်လေးနှင့် တူသည်။

“နှင်းတွေကျနေတယ်”

သူကပဲ ပျာပျာသလဲပင် လည်ပင်းမှာ ချည်ထားသော မာဖလာကို ဖြုတ်ကာ ပဆစ်အိမ် ၏ ခေါင်းပေါ်တွင် မိုးပေးလိုက်သည်။

ထိုအခါမှာတော့ ရွက်ဖျားမှ ကြွေခလာသော နှင်းစက်တချို့သည် ပဆစ်အိမ်၏ ခေါင်း ထက်သို့ မကျနိုင်တော့ဘဲ မာဖလာပေါ်သို့သာ တစ်ပေါက်ချင်း ကြွေခသွားသည်။

“ရပါတယ်။ အိမ်က နှင်းစက်လေးတွေကို ချစ်တယ်။ ထိုင်ပါ။ စကား အေးဆေး ပြောတာပေါ့”

ထိုအခါမှ သူက ပဆစ်အိမ်ဘေးတွင် မဝံ့မရဲ ထိုင်ချလိုက်သည်။ ပဆစ်အိမ်ထံ့မှ စံပယ်ရ နံ့လေး လွင့်ပျံ့လာသည်ဟု ထင်သည်။

"ပဆစ်အိမ် . . . စံပယ်ပန်းပန်ထားသလား"

"ဟင့်အင်း . . . ဟိုမှာ စံပယ်ရုံရှိတယ်လေ။ မခူးရသေးဘူး"

"ကိုယ်ခူးပေးမယ်လေ"

"ရပါတယ်။ နောက်နေ့တော့မှ ခူးပေါ့"

"နောက်နေ့"

"ကိုဇမ္ဗူမင်းစံက ပဆစ်အိမ်တို့ စံအိမ်မှာ တည်းမှာ မဟုတ်ဘူးလား"

ဝမ်းသာလုံးဆို့၍ သေရတယ်ဆိုတာ ဒီလိုအခြေအနေမျိုးကို ပြောတယ်ထင်ပါရဲ့။ သူ့ခြေ ထောက်တွေပင် မြေကြီးနှင့် မထိချင်တော့ပါ။

"အဲဒီ လိုလုပ်လို့ရရင် ကောင်းတာပေါ့"

"အဲဒီ လိုပဲလုပ်ရမှာပေါ့။ ကိုဇမ္ဗူမင်းစံက ဧည့်သည်ပဲဟာကို။ ဒီနားမှာ ဟိုတယ်တွေက မ ရှိဘူးလေ။ ကိုဇမ္ဗူမင်းစံက အိမ့်ဆီလာတယ်ဆိုတာ အိမ် သိပါတယ်။ အိမ်မှာ အခန်းလွတ်တွေ ရှိနေတာပဲ။ တည်းခိုပါ။ အပြင်မှာဆို ဟိုတယ်ခ ပိုကုန်နေမယ်"

"ဝမ်းသာတယ်ဆိုတာထက် လေးနက်တဲ့ စကားက ဘာရှိဦးမလဲ"

သူ့စကားက ဟာသမြောက်သွား၍ ပဲလား မသိ ပဆစ်အိမ်က ပါးခွက်လုံးလုံးလေးပေါ်သည်ထိ ပြုံးလာသည်။

"ပဆစ်အိမ်နဲ့ ကိုယ် . . . ဒီ တစ်မိုးအောက် . . . ဟား . . . တွေးလိုက်တာနဲ့ ရင်ခုန်တယ်။ တကယ် . . . အဲဒီ လို ကိုယ် ဘယ်တုန်းကမှ စိတ်ကူးမယဉ်ဖူးဘူး"

သူ အတိုင်းမသိ ဝမ်းသာသွားသည်။ အိမ်ရှင်က ဖိတ်ခေါ်သော်လည်း ယောကျ်ား ပျိုတစ်ယောက် မိန်းမပျိုတစ်ယောက်၏ ဧည့်သည်အဖြစ် တစ်မိုးအောက်မှာ မတည်းခို သင့်ကြောင့် သူက ယဉ်ကျေးမှုရှိရှိ နားလည်ရသည်ကို သိသော်လည်း ထုံးတမ်းစဉ်လာတွေကို သူမေ့ထား ပစ်ချင်သည်။ စာအုပ်ကြီးအတိုင်း သွားနေပါက ပဆစ်အိမ်က ဘယ်တော့မှ နီးစပ်နိုင်တော့မည် မဟုတ်ပါချေ။

"လိပ်စာကို ဘယ်သူ့ဆီက ရခဲ့တာလဲ"

"သတိုးဆီက။ သူ ဘယ်လိုရှာပေးခဲ့သလဲဆိုတာ ကိုယ် မသိဘူး။ မေးလည်း မမေးခဲ့ဘူး။"

"ရှင် ရောက်လာတယ်လို့ အိမ် မျှော်လင့်ခဲ့ဖူးတယ်။ ဒါပေမဲ့ တကယ်တမ်းရောက်လာ လိမ့်မယ်လို့ မထင်ခဲ့ဘူး။"

သူ့နားသူ မယုံချင်ပါ။ ဒါဆို ပဆစ်အိမ်ရဲ့ စိတ်ထဲမှာ သူကရှိနေခဲ့တယ်ဆိုတဲ့ သဘော ပေါ့။ ဒါများ ပဆစ်အိမ်ရယ် ဘာကြောင့် ကိုယ့်အပေါ် တည်တည်တင်းတင်း ဆက်ဆံခဲ့တာလဲ။

"နှုတ်မဆက်ဘဲ ထွက်သွားတော့ ကိုယ်ရှုံးနေအောင် ခံစားခဲ့ရတယ်။ တကယ်တော့ စာမေးပွဲနောက်ဆုံးနေ့မှာ ကိုယ် ပဆစ်အိမ်ကို ခမ်းခမ်းနားနား ပရိုပို့စ်လုပ်ဖို့။ ကုက္ကိုလ်ရိပ်ကျွန်း ကိုတောင် အပြတ်ငှားထားပြီးနေပြီ။ စရံတစ်ဝက်ပဲ ပေးထားလို့ တော်သေးတယ်"

"မေဦး ပြောပြပါတယ်"

မေဦးဆိုတာနှင့် တစ်ပြိုင်နက် ပဆစ်အိမ်နှင့် တစ်ခန်းတည်းအတူနေခဲ့သူ ဆံပင်ဂုတ်ဝဲ နှင့် မျက်လုံးပြူးပြူး မိန်းကလေးက သူ့မျက်ဝန်းထဲ တန်းပေါ်လာသည်။

"မေဦး . . . ဟုတ်သားပဲ။ ကိုယ် သူ့ကို မေ့သွားတယ်။ ဟား . . .

နောက်ကျလိုက်တာ။ ဒါမှန်းသိရင် ကိုယ်မင်းဆီကို ဒီထက်ပိုစောပြီး ရောက်လာခဲ့မှာပါ”

“ဘာလို့လဲ”

“သူတော့ မင်းရဲ့လိပ်စာ သိမယ်လေ”

“ကိုဇမ္ဗူမင်းစံ သတိမထားမိလို့ပါ။ မေဦးက အိမ်ထက် တစ်ပတ်ပိုစောပြီး ကျောင်းက ထွက်သွားတယ်လေ။ သူ့အဖေက အစိုးရဝန်ထမ်းအရာရှိတစ်ဦးထင်တယ်။ သူတောင်ကြီး တက္ကသိုလ် ပြောင်းသွားတယ်”

“မင်းထွက်မသွားခင် တစ်ရက်အလိုက ကိုယ်တို့ ကဲန်တင်းမှာ ဆုံသေးတယ်နော်။ ထွက်သွားမယ့်အကြောင်း ဘာလို့ ပြောမသွားတာလဲ”

“အိမ်ကို၌ ကလည်း မသိလို့ပါ။ မနက်ပိုင်းမှာ ဖုန်းဝင်တယ်။ မေမေဆုံးပြီဆိုလို့ အဆော တလျှင် ပြန်လာခဲ့တာပါ။ ပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းကို ပြန်မသွားဖြစ်တော့ တာ။ ဒါပေမယ့် အရာအားလုံးကို အိမ် သတိရလွမ်းဆွတ်နေပါတယ်။”

သူ စိတ်မကောင်းဖြစ်သွားပြန်သည်။ မိခင်ဆုံးသွား၍ မျက်နှာလေး ဖူးယောင်သည်ထိ ငို နေမည့် ပဆစ်အိမ်ရဲ့ ပုံရိပ်လေးက သူ့နှလုံးသားကို ဆွဲကိုင်ရမ်းထုတ်နိုင်လွန်းသည်။

သူ ပဆစ်အိမ်ဘေး ခုံစွန်းလေးတွင် အသာအယာ ဝင်ထိုင်သည်။

ဆောင်းလေပြေက အေးမြရုံတိုက်ခတ်လာသော်လည်း . . .

“ဘုန်း”

ခုံပေါ်ကျလုလု သူ့တင်ပါးမှာ လမ်းတစ်ဝက်၌ ရပ်တန့်သွားသည်။ ကျယ်လောင်သောအ သံတစ်ခု ဖြစ်သည်။ ရင်တစ်ခြမ်းမှာ တဒက်ဒက်ခုန်နေသည်။

စိတ်တို့ကလည်း ဟိုရောက် ဒီ ရောက်၍ ဆောက်တည်ရာမရဖြစ်ကုန်သည်။ လက်မောင်းမှ ကြက်သီးမွေးညင်းပေါက်များသည် ပို၍ ကျယ်လာသည်ဟု ခံစားရသည်။

"ဘာမှမဖြစ်ပါဘူး။ ထိုင်ပါ . . . အုန်းလက်ကြွေကျတာပါ"

ပဆစ်အိမ်၏ အသံက သက်သောင့်သက်သာဖြစ်သည်။ ချစ်သူက ဘာမှမဖြစ်ဘူးပြော လာသောအခါ သူ့စိတ်သည် ပကတိ ငြိမ်သက်သွားပြန်သည်။

"လန့်သွားတာပဲ။ ဒါနဲ့ ဒီနားမှာ လူနေအိမ်တွေ မရှိသလိုပဲနော်"

"ရှိတော့ရှိပါတယ်။ ဝေးတာပါ။ ဒီခြံက ငါးဧကလောက် ကျယ်တယ်လေ။ ဒါကြောင့်ပါ နောက်တော့ အချိန်ရမှ ခြံနောက်ဖေးဘက် ပို့ရမယ်။ အဲဒီ မှာ မက်မန်းခြံတို့၊ ကော်ဖီခြံတို့ ရှိ တယ်။ ဒီအိမ်ကြီးက ခြံရဲ့အလယ်အူတိုင်ကြီးပေါ့။ ဟိုဘက်မှာတော့ ဝိုင်တွေ သိုထားတဲ့ သို လှောင်ရုံရှိတယ်"

"ဝိုင် . . . ဟုတ်လား"

"အင်း . . . လက်ဖက်စိမ်းဝိုင် စမ်းသပ်နေတယ်လေ။ တစ်နေ့ ကိုဇမ္ဗူမင်းစံကို လက်ဖက် စိမ်းဝိုင် စမ်းမြည်းခိုင်းရဦးမယ်"

"ပဆစ်အိမ်ရော ဝိုင်သောက်သလား"

"အင်း . . . ဘယ်လိုပြောရမလဲ။ တစ်ခါတစ်ရံတော့ သောက်ပါတယ်။ ဝိုင်လုပ်ငန်းက အိမ်တို့ရဲ့ စီးပွားရေးပဲလေ။ ဒါနဲ့ ကိုဇမ္ဗူမင်းစံလာတော့ ဘာနဲ့လာတာလဲ"

"လူတစ်ယောက် လိုက်ပို့ပေးခဲ့တာ။ ကိုယ့်ဆိုင်ကယ်က လမ်းမှာ ဌာနေပြန်ချင်နေပြီလေ။ ဒါနဲ့ ပဆစ်အိမ်"

"အင်း . . . ပြောပါ ကိုဇမ္ဗူမင်းစံ"

“ကိုယ့်ကို အဲဒီ လို မခေါ်ပါနဲ့လား။ သူငယ်ချင်းတွေ ခေါ်သလို ဇမ္ဗူဆိုလည်း ဇမ္ဗူ၊ ကိုမင်း ဆိုလည်း ကိုမင်းပေါ့”

“ဟုတ်ကဲ့ . . . အိမ် ကြိုးစားပါ့မယ်။ ကဲ . . . အိမ်ထဲသွားရအောင်လေ။ ခရီးပန်းလာတော့ နားချင်ရောပေါ့”

“နေထွက်တာကို မကြည့်တော့ဘူးလား”

“နေက ကိုးနာရီလောက်မှ ထွက်မှာလေ။ ဒါတောင် သိပ်မသေချာဘူး”

“ဟုတ်ပါရဲ့။ သစ်ပင်တွေ တော်တော်များတယ်နော်။ နွေရာသီဆိုလည်း အေးမယ့်ပုံပဲ။ ကိုယ်ကလည်း ဘာဖြစ်နေမှန်းမသိဘူး။ မနလေးမှာဆို နေကို သေမလောက်မုန်းတာ။ ဒီမှာ တော့ နေအကြောင်း မကြာခဏ ပြောဖြစ်နေတယ်”

ကိုယ်စီပြုံးမိသွားကြပြန်သည်။ စကားမပါသော အပြုံးသက်သက်ဖြစ်သော်လည်း နှလုံး သားချင်း သိနားလည်သည်။

“အိမ်ထဲသွားရအောင်လေ။ ရှင် ရေချိုးပြီး နားလိုက်။ ဒေါ်သုန်က ရေနွေးစပ်ထား ပေးလိမ့်မယ်”

ပြောပြောဆိုဆို ထရပ်သည်။ ပဆစ်အိမ်က ရပ်မှတော့ သူက ဘာထိုင်လုပ်နေရ မှာတဲ့လဲ။ သူပါ ရောယောင်ပြီး ထရပ်သည်။ အမှန်တကယ်က သူ မနားချင်သေးပါချေ။ ပဆစ်အိမ်ရဲ့ မျက် နှာလေးကို ငေးပြီး စကားတွကို တောင်စဉ်မရေရာ အရေမရ အဖတ်မရ ပြောချင်သေးသည်။

“ဒီလမ်းလေးက အိမ့်အဘိုးခင်းသွားခဲ့တာလေ။ အဘိုးက ဆောက်လုပ်ရေးတွေ သိပ်ဝါ သနာကြီးတာ။ ဒီအိမ်ရဲ့ ပုံစံလည်း အဘိုးပဲ ဆွဲသွားခဲ့တာ။ ဒီတစ်ခြံလုံး အဘိုးခြေ၊ အဘိုးလက် ကြီးပဲ။ မေမေက တစ်ဦးတည်းသော သမီးလေ။ အဘိုးရဲ့သည်းသည်းလှုပ် တစ်ယောက်ပေါ့။

ဒါကြောင့် ခြံကြီးကိုတောင် မေမေ့နာမည် ပေးသွားခဲ့တာ”

“မြကေသျှောင်ဆိုတာ ပဆစ်အိမ်ရဲ့ အမေပေါ့”

“အင်း . . . မေမေက ဝိုင်မင်းသမီးလေး။ ဝိုင်သောက်ရတာ ကို ကြိုက်တယ်။ ခြံထွက်သီး နှံတွေပေါ်တဲ့အချိန်က မေမေ့ရဲ့ အလုပ်အများဆုံးအချိန်ပဲ။ အဲဒီ လက်ဖက်စိမ်းဝိုင် ကိုလည်း မေ မေပဲ တီထွင်ခဲ့တာလေ”

“ပဆစ်အိမ်တို့ရဲ့ ဝိုင်သိုလှောင်ရုံကို ကိုယ် စိတ်ဝင်စားလာပြီ”

“တစ်ရက်တော့ လိုက်ပြပါ့မယ်။ ဒါပေမဲ့ ကိုကိုက အဲဒီ ထဲ သူစိမ်းဝင်တာ မကြိုက်ဘူး။ ဒါပေမဲ့ ရပါတယ်။ သူ မသိအောင် သွားတာပေါ့”

“ကိုကိုဆိုတာ . . .”

“အိမ့်အစ်ကိုပေါ့။ တစ်ဦးတည်းသော အစ်ကိုလေ”

“တော်ပါသေးရဲ့”

“ဟွန်း . . ဘာဖြစ်လို့လဲ”

“မသိပါဘူး။ ကိုယ်က ပဆစ်အိမ်ရဲ့ ဟိုဒင်းမှတ်ပြီး ကြိုအသည်းကွဲတော့မလို့”

ပဆစ်အိမ် ပြုံးနေသည်။ ထိုအပြုံးက ရည်းစားထားဖို့ ကြံရွယ်နေသော အပျိုဖြန်းလေး ၏ လတ်ဆတ်သော အပြုံးမျိုးဖြစ်သည်။

“ပဆစ်အိမ်ကို အိမ်က သဘောတူထားတဲ့လူများ ရှိနေလား။ အဲဒီ လူကိုရော ပဆစ်အိမ် သဘောကျရဲ့လား။ ဒါမှမဟုတ် ချစ်သူ . . .”

“ဘာတွေမေးနေတာလဲ”

“ဖြေပါ”

“အရင်တုန်းကကျတော့လည်း တေမိပါပဲ။ အခုကျတော့

အင်တာဗျူးဝင်လာတာကျနေ တာပဲ”

“ကိုယ် လမ်းမှာ ဆိုင်ကယ်တွန်းနေရတုန်းက ဘာစဉ်းစားလဲ သိလား”

“ဟင့်အင်း”

“မင်းဆီကရတဲ့ ကောင်းတဲ့အဖြေပါ။ အဲဒီ အားနဲ့ နှစ်ဆယ့်တစ်မိုင်ကနေ ဒီရောက်တဲ့ထိ ဆိုင်ကယ်တွန်းလာတာ”

“ဆိုင်ကယ်က ဘာဖြစ်လို့လဲ”

“ဆီကုန်သွားတယ်”

“ဒါနဲ့များ ဖုန်းဆက်ပြီး သူငယ်ချင်းတစ်ယောက်ကို ကြိုခိုင်းရောပေါ့ ရှင်တို့အုပ်စုက ည ပျော်တွေပဲ”

“ကံဆိုးချင်တော့ ကိုယ့်ဟန်းဖုန်းပါမလာခဲ့ဘူး။ အဝတ်အစားတွေ အိတ်ထဲထည့်ရင်း ခု တင်ပေါ် မေ့ကျန်ခဲ့တယ်။ မေမေကလည်း ညကြီး ခရီးမသွားဖို့ ပူညံပူညံ ပြောနေတာကိုး”

“အန္တရာယ်ကို စိုးရိမ်လို့ပြောတဲ့စကားပဲဟာကို။ အင်းလေ . . . ထားပါတော့။ ရေမိုးချိုးပြီး မနက်စာ စားကြတာပေါ့”

စကားပြောရင်း အိမ်ကြီးဆီသို့ လျှောက်လာခဲ့၏ ။ ပဆစ်အိမ်အနားတွင် ရှိနေသော်ငြား စိတ်ထဲ မသိုးမသန့် ခံစားရသည်။ တစ်စုံတစ်ယောက်က မိမိကို စိုက်ကြည့်နေသလိုပင် နောက် ကျောမလုံ ခံစားရသောကြောင့် ဆတ်ခနဲကျောဘက်သို့ လှည့်ကြည့်သည်။

ဩဇာသီးလုံးကြီး ရင့်မှည့်နေသော ကိုင်းဖျားသည် လှုပ်တုတ်တုတ်ဖြစ်နေသည်ကို သူ သတိပြုမိလိုက်သည်။

လေတိုက်၍ များလား။ ဒါ လုံးဝမဖြစ်နိုင်ပါ။ လှုပ်သွားသော ကိုင်းများတွင် ဩဇာသီးသည် ရင့်မှည့်နေ၏ ။ ထိုသစ်ကိုင်းသည် လေတိုက်တိုင်း

လုပ်နိုင်တဲ့ အရွယ်အစား မဟုတ်ပါချေ။ ဒါဆို တစ်စုံတစ်ယောက်က သူနှင့်ပဆစ်အိမ်ကို ချောင်းမြောင်း ကြည့်ရှု နေတာလား။ ဘယ်သူလဲ။ ဘာ ကြောင့် အဲဒီ လို ခိုးကြောင်ခိုးဝှက် လုပ်ရတာ လဲ။

သူတွေးမတက်နိုင်အောင် ဖြစ်ရသည်။ ပဆစ်အိမ်ထံသို့ ကြည့်လိုက်သောအခါ ပဆစ် အိမ် ၏ မျက်နှာက ဘာဆိုဘာမှသိလိုက်ခြင်း မရှိသည့်အလား ပကတိ ဖြူစင်နေသည်။

သူ ပျော်သည်။ ပဆစ်အိမ်ရဲ့ အပြုံးကို မနက်စောစော တွေ့ရသောကြောင့် သူ ပျော် နေပါသည်။

*